Message Seven

## အသက်မုန့်

ဖတ်ရန်ကျမ်း။ ။ ယော၆း၂၂-၇၁

**I. ကျွန်ုပ်တို့သည် ယောဟန် ၆ ကို ဂရုတစိုက်ဖတ်မည်ဆိုလျှင် ဤအခန်းကြီးကို နက်ရှိုင်းစွာ စွဲမှတ်ခြင်းနှင့် အရေးကြီးသော အချက် ခုနစ်ချက်၏ အစီအစဉ်ကို အလေးထားခြင်း ရှိကြလိမ့်မည်ဖြစ်ပေသည်။**

A. သခင်ဘုရားသည် အသက်မုန့် ဖြစ်သည် - အငယ်၊၃၅၊ ၄၈။

B. သခင်ဘုရားသည် ကျွန်ုပ်တို့စားသုံးရန်အတွက် ကိုယ်တော်၏အသက်မုန့်ကို ပေးခဲ့သည် - အငယ်၊၅၁။

C. သခင်ဘုရားသည် ကျွန်ုပ်တို့သောက်သုံးရန်အတွက် ကိုယ်တော်၏အသွေးတော်ကိုလည်း ပေးခဲ့သည် - အငယ်၊၅၃။

D. သခင်ဘုရားသည် အသေခံခဲ့ရုံသာမက၊ ရှင်ပြန်ထမြောက်ခြင်းလည်း ရှိခဲ့သည် - အငယ်၊၅၆။

E. ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကြောင့် အသက်ရှင်ကာ၊ ဘုရားသခင့်ရှေ့တော်၌ အသက်ရှင်ခြင်း ရှိကြသည် - အငယ်၊၅၇။

F. ကိုယ်တော်၏ ရုပ်ပိုင်းဆိုင်ရာအသွေးအသားမဟုတ်ဘဲ၊ ကိုယ်တော်၏ဝိညာဉ်တော်က ကျွန်ုပ်တို့ကို အသက်နှင့် အသက်မစရာကို ပေးသည် - အငယ်၊၆၃က။

G. ဝိညာဉ်တော်သည် သခင်ဘုရား၏ ပြောဆိုသော စကားများ၌ ရှိသည်။ ကိုယ်တော်၏စကားများသည် ဝိညာဉ်နှင့် အသက်ဖြစ်သည် - အငယ်၊၆၃ခ။

**II. သခင်ယေရှုသည် ကောင်းကင်မှ မြေကြီးသို့ဆင်းကြွလာတော်မူခြင်းအတွက် အဓိကကျသော အကြံအစည်မှာ အလယ်ဗဟိုကျသောအကြောင်းအရာတစ်ခု - မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့ထံ အစာအဖြစ် - အသက်မုန့်အဖြစ် - ပေးအပ်ခြင်း - ကို ပြည့်စုံစေရန်ဖြစ်သည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့အားဖြင့် ဝိညာဉ်ရေးရာ ကျွေးမွေးမစမှုအဖြစ် စားသုံးနိုင်ရန်နှင့် ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုဖြစ်လာရန် ကျွန်ုပ်တို့အားဖြင့် အစာကျေညက်ခြင်း ရှိနိုင်မည်ဖြစ်သည် - အငယ်၊၅၀-၅၁။**

**III. ယောဟန်ဧဝံဂေလိစာစောင် အခန်းကြီး ၆ သည် သခင်ယေရှုအား အသက်မုန့်ဖြစ်ခြင်းကို အသေးစိတ်ရေးသားချက် ဖြစ်သည်။ ကိုယ်တော်က "ငါသည် အသက်မုန့်ဖြစ်၏"ဟု ကြေညာခဲ့သည် - အငယ်၊၄၈။**

A. ယောဟန် ၆ ရှိ များစွာသောကျမ်းပိုဒ်များက ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်မှုအတွက် ခရစ်တော်သည် အသက်မုန့်ဖြစ်ကြောင်း ဖွင့်ပြထားသည် - အငယ်၊၂၇၊ ၃၂-၃၅၊ ၄၇-၅၈၊ ၆၃က၊ ၆၈ခ။

1. ယောဟန် အခန်း ၆ တစ်ခုလုံး၌ အရေးအကြီးဆုံးသော အချက်မှာ ခရစ်တော်သည် ကျွန်ုပ်တို့၏အစာ၊ အသက်မုန့်ဖြစ်ခြင်း ဖြစ်သည် - အငယ်၊၃၅၊ ၄၈။

2. ကိုယ်တော်ကို စားသုံးခြင်းမှာ အားလုံးအတွက်တစ်ကြိမ်တည်းဖြစ်သည့် အကြောင်းအရာမဟုတ်ပါ။ ထိုအစား ကျွန်ုပ်တို့သည် သခင်ဘုရားကို နေ့စဉ်တိုင်း ဆက်သွယ်ခြင်းနှင့် ကိုယ်တော်ကို စားသုံးခြင်းရှိရန် လိုအပ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် စားဖွယ်ရာဖြစ်သောကြောင့် ဖြစ်သည် - အငယ်၊၅၀။

3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို လေ့ကျင့်လျက် ကိုယ်တော်ကို မှီခိုရှင်သန်ရန်၊ ကိုယ်တော်ကို လက်ခံရရှိရန်၊ ကိုယ်တော်ကို ကြေညက်ခြင်းရှိရန်၊ ကိုယ်တော်ကို တွေ့ကြုံခံစားရန်၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန်နှင့် တစ်ချိန်ပြီးတစ်ချိန် ကိုယ်တော်ကို ယူဆောင် လျှောက်လှမ်းရန် လိုအပ်သည် - အငယ်၊၅၆-၅၇။

4. ကျွန်ုပ်တို့အားလုံးသည် တစ်ခုတည်းသောအရာ - ခရစ်တော်ကို စားသုံးခြင်း - ကိုသာ အာရုံစူးစိုက်သင့်ပြီး၊ ကိုယ်တော်ကို ကျွန်ုပ်တို့စားသုံးခဲ့သည့်အရာအားဖြင့် အသက်ရှင်သင့်ပါသည် - အငယ်၊၅၄။

B. "ပျက်စီးတတ်သော အစာကို ရခြင်းငှာ မကြိုးစားကြနှင့်။ သင်တို့အား လူသားတော်ပေးမည့် ထာဝရအသက်တိုင် တည်သော အစာကို ရခြင်းငှာ ကြိုးစားကြလော့" - အငယ်၊၂၇။

1. ထာဝရအသက်သည် ဘုရားသခင်၏ ဘုရားဆိုင်ရာအသက်၊ ဖန်ဆင်းမခံရသောအသက်ဖြစ်ပြီး၊ ယင်းသည် အချိန်နှင့်စပ်လျဉ်း၍ ကာလအစဉ်တည်မြဲသည်သာမက၊ သဘောသဘာဝ၌လည်း ထာဝရနှင့် ဘုရားဆိုင်ရာ ဖြစ်သည် - ၃း၁၅။

2. ထာဝရအသက်သို့တိုင် တည်သော အစာသည် ကျွန်ုပ်တို့ကို မစထောက်ပံ့ပေးနိုင်ပြီး၊ ထာဝရအသက်အထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးနိုင်သည် - ဗ၊၂၇။

C. "ငါ့ခမည်းတော်သည် ကောင်းကင်ထဲက မှန်သောမုန့်ကို သင်တို့အား ပေးတော်မူ၏။ ဘုရားသခင်၏မုန့်မူကား၊ ကောင်းကင်မှ ဆင်းသက်၍ လောကီသားတို့အား အသက်ကို ပေးသောသူပေတည်း" - အငယ်၊၃၂-၃၃။

1. ဝိညာဉ်ဆိုင်ရာအရာများသည်သာလျှင် စစ်မှန်သည်၊ "ဝိညာဉ်တော်သည် စစ်မှန်ခြင်း ဖြစ်တော်မူ၏" - ၁ယော၊၅း၆ခ။
2. မှန်သောမုန့်အဖြစ် ခရစ်တော်သည် သမ္မာတရား၏မုန့်၊ စစ်မှန်ခြင်း၏မုန့် ဖြစ်သည်။ ခရစ်တော်သည် ဟုတ်မှန်သည်၊ စစ်မှန်သည်။
3. ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့အား ထာဝရအသက်ကို ယူဆောင်လာပေးမည့် ဘုရားသခင်အားဖြင့် စေလွှတ်သော မှန်သောအသက်မုန့်အဖြစ် ခရစ်တော်ကို လိုအပ်သည်ဟူသော အချက်ဖြင့် နက်ရှိုင်းစွာ စွဲမှတ်ခြင်းရှိရန် လိုအပ်သည်။
4. ယောဟန် ၆း၃၃ ရှိ "ဘုရားသခင်၏မုန့်" သည် အပိုဒ်ငယ် ၃၂ ရှိ "မှန်သောမုန့်" ဖြစ်သည်။
5. ကောင်းကင်မှ ဆင်းသက်သော မုန့်အဖြစ် ခရစ်တော်သည် ကောင်းကင်ဆိုင်ရာမုန့်ဖြစ်ကာ၊ ဘုရားသခင်၏မုန့်အဖြစ် ကိုယ်တော်သည် ဘုရားသခင်ပိုင်ဆိုင်ခံရခြင်း၊ ကိုယ်တော်သည် ဘုရားသခင်အားဖြင့် စေလွှတ်ခြင်း၊ ကိုယ်တော်သည် ဘုရားသခင်နှင့်အတူ ရှိခြင်း ဖြစ်သည် - အငယ်၊၃၃။
6. ကျွန်ုပ်တို့သည် ဤမုန့်ကို စား၍ အစာကျေညက်ခြင်း ရှိသောအခါ ၎င်းသည် ကျွန်ုပ်တို့၏စေ့စပ်ထုံးဖွဲ့မှုဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် တစ်လုံးတစ်ဝတည်းအဖြစ် ပေါင်းစည်းဆက်နွယ်ကာ၊ ရောနှောပေါင်းစည်းခြင်း ရှိကြသည် - ၁ကော၊၆း၁၇။
7. ကောင်းကင်မှ ဆင်းကြွလာသော အသက်ရှင်သောမုန့်ကို စားသောသူ မည်သူမဆို အစဉ်အမြဲ အသက်ရှင်လိမ့်မည်ဖြစ်သည် - ယော၊၆း၅၀-၅၁က။

D. အပိုဒ်ငယ် ၅၁ခ တွင် သခင်ယေရှုက "ငါပေးသောမုန့်ကား လောကီသားတို့၏ အသက်အဖို့အလို့ငှာ ပေးသော ငါ၏ အသားပေတည်း" ဟု ပြောခဲ့သည်။

1. ဤအချက်၌ မုန့်သည် အသားဖြစ်လာခဲ့သည်။
2. သခင်ဘုရားသည် ကိုယ်တော်၏ကိုယ်ခန္ဓာ၊ ယင်းမှာ ကိုယ်တော်၏အသွေးအသားကို ကျွန်ုပ်တို့အတွက် အသေခံရန် ပေးအပ်ခဲ့ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် အသက်ကို ရရှိနိုင်မည်ဖြစ်သည်။

E. "ငါအမှန်အကန်ဆိုသည်ကား၊ လူသား၏ အသားကိုမစား၊ အသွေးကို မသောက်လျှင် သင်တို့၌ အသက် မရှိ" - အငယ်၊၅၃။

1. အသွေးနှင့် အသားကို ခွဲခြားထားခြင်းမှာ သေခြင်းကို ရည်ညွှန်းသည်။
2. ဤနေရာတွင် သခင်ဘုရားက ကိုယ်တော်၏အသေခံခြင်း၊ ယင်းမှာ ကိုယ်တော်သတ်ခြင်းခံရခြင်းကို ရှင်းလင်းစွာ ညွှန်ပြထားခြင်းဖြစ်သည်။
3. ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ကိုယ်ခန္ဓာကို ပေးခဲ့ပြီး၊ ကိုယ်တော်၏အသွေးကို သွန်းခဲ့သည်၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ထာဝရအသက်ကို ရရှိနိုင်မည်ဖြစ်သည်။
   a. ကိုယ်တော်၏အသားကို စားခြင်းမှာ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ကိုယ်ခန္ဓာကို ပေးခြင်း၌ ကိုယ်တော်ပြုတော်မူခဲ့သမျှအားလုံးကို ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိရန် ဖြစ်သည်။
   b. ကိုယ်တော်၏အသွေးကို သောက်သုံးခြင်းမှာ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏အသွေးကို သွန်းခဲ့ခြင်း၌ ကိုယ်တော်ပြီးမြောက်ခဲ့သမျှအားလုံးကို ယုံကြည်ခြင်းအားဖြင့် လက်ခံရရှိရန် ဖြစ်သည်။
4. ကိုယ်တော်၏အသားကို စားခြင်းနှင့် ကိုယ်တော်၏အသွေးကို သောက်ခြင်းမှာ ကိုယ်တော်၏ ရွေးနုတ်ခြင်း၌ ကားတိုင်ပေါ်မှာ ကျွန်ုပ်တို့အဖို့ ကိုယ်တော်ပြုခဲ့သောအရာ၌ ယုံကြည်ခြင်းအားဖြင့် အသက်နှင့်အသက်မစရာအဖြစ် ကိုယ်တော်ကို လက်ခံရန် ဖြစ်သည်။

5. အပိုဒ်ငယ် ၅၃ နှင့် အပိုဒ်ငယ် ၄၇ ကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် သခင်ဘုရား၏အသားကို စားခြင်းနှင့် ကိုယ်တော်၏ အသွေးကို သောက်ခြင်းမှာ ကိုယ်တော်၌ ယုံကြည်လက်ခံရန်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်၊ အကြောင်းမှာ ယုံကြည်ခြင်းနှင့် အထဲသို့ ယုံကြည်ခြင်းမှာ လက်ခံရရှိခြင်းဖြစ်သောကြောင့် ဖြစ်သည် - ၁း၁၂။

F. "ငါ၏အသားသည် စစ်မှန်သော စားစရာဖြစ်၍၊ ငါ၏အသွေးသည် စစ်မှန်သော သောက်စရာ ဖြစ်၏" - ၆း၅၅။

1. ကျွန်ုပ်တို့သည် လူသားတော်၏ အသားကို စားခြင်းနှင့် ကိုယ်တော်၏ အသွေးကို သောက်ခြင်း မရှိလျှင်၊ ကျွန်ုပ်တို့ အတွင်း ကျွန်ုပ်တို့ကိုယ်တိုင်၌ ထာဝရအသက် မရရှိနိုင်ပါ။
2. ကိုယ်တော်ကို စားသုံးခြင်းနှင့် ကိုယ်တော်ကို သောက်သုံးခြင်း ရှိလျှင် ကျွန်ုပ်တို့သည် ကိုယ်တော်ကြောင့် အသက်ကို ရရှိကြလိမ့်မည်ဖြစ်သည်။

G. သမ္မာကျမ်းစာတစ်ခုလုံး၌ အသန့်စွမ်းဆုံးနှင့် အထူးဆန်းဆုံးသော စာကြောင်းမှာ ယောဟန် ၆း၅၇ ဖြစ်သည်၊ "အသက်ရှင်တော်မူသော ခမည်းတော်သည် ငါ့ကို စေလွှတ်တော်မူ၍၊ ငါသည် ခမည်းတော်ကြောင့် အသက်ရှင်သည်နည်းတူ၊ ငါ့ကို စားသောသူသည် ငါ့ကြောင့် အသက်ရှင်လိမ့်မည်။"

1. စားသုံးခြင်းမှာ အစာကို ကျွန်ုပ်တို့အထဲသို့ ယူဆောင်ခြင်းဖြစ်၍၊ ထိုသို့ဖြင့် ၎င်းသည် ကျွန်ုပ်တို့၏ကိုယ်ခန္ဓာအထဲသို့ အသက်ဆိုင်ရာ တစ်သားတည်းကျေညက်ခြင်း ရှိနိုင်မည်ဖြစ်သည်။
2. သခင်ယေရှုကို စားခြင်းမှာ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်ကို လက်ခံရရှိခြင်းဖြင့်၊ ကိုယ်တော်သည် အသစ်မွေးဖွားခံရသောလူသစ်အားဖြင့် အသက်၏နည်းလမ်း၌ တစ်သားတည်းကျေညက်နိုင်ရန် ဖြစ်သည်။
   a. ထိုအခါ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့လက်ခံရရှိသည့် ကိုယ်တော်အားဖြင့် အသက်ရှင်ကြသည်။
   b. ဤသို့အားဖြင့် ရှင်ပြန်ထမြောက်သောအရှင် ကိုယ်တော်သည် ကျွန်ုပ်တို့၌ အသက်ရှင်တော်မူခြင်းဖြစ်သည် - ၁၄း၁၉-၂၀။

## IV. "ဝိညာဉ်တော်သာလျှင် အသက်ပေး၏။ အသွေးအသားသည် အလျှင်း မတတ်နိုင်။ ငါပြောသောစကားသည် ဝိညာဉ် ဖြစ်၏။ အသက်လည်း ဖြစ်၏" - ၆း၆၃။

A. ယောဟန် ၆ ၏ နောက်ဆုံးအပိုင်းမှာ ခရစ်တော်သည် အသက်ပေးသော ဝိညာဉ်တော်နှင့် နှုတ်ကပတ်တော်ဖြစ်လာခြင်း အကြောင်းအရာ၏ အပိုင်းဖြစ်သည်။

B. ခရစ်တော်သည် ထိုဝိညာဉ်တော်ဖြစ်သည့်အလျောက် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့အတွင်းရှိ ထိုဝိညာဉ်တော် အဖြစ် ဆက်သွယ်နိုင်ကြသည် - ၁ကော၊၁၅း၄၅။

C. ကိုယ်တော်သည် အသက်ပေးသော ဝိညာဉ်တော်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကျွန်ုပ်တို့၏အစာအဖြစ် မှီခိုရှင်သန်ခြင်းနှင့် ကိုယ်တော်ကို တစ်သားတည်းကျေညက်ခြင်း ရှိနိုင်ကြသည်။

D. သခင်ယေရှုကို အသက်မုန့်အဖြစ်၊ ကျွန်ုပ်တို့ကို မစမည့် အသက်မစရာအဖြစ် လက်ခံရရှိရန်အလို့ငှာ ကိုယ်တော်သည် အသက်ပေးသောဝိညာဉ်တော်ဖြစ်ကြောင်း၊ ဤဝိညာဉ်တော်သည် နှုတ်ကပတ်တော်၌ ကိုယ်ထင်ရှားခဲ့ကြောင်း ကျွန်ုပ်တို့ မြင်ရန် လိုအပ်သည် - ယော၊၆း၆၃။

E. သခင်ဘုရားက ကျွန်ုပ်တို့ကို ပေးသောအရာသည် အသက်ကိုပေးသော ထိုဝိညာဉ်တော်ဖြစ်သည်။ ဤဝိညာဉ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော သခင်ဘုရားကိုယ်တော်တိုင်ဖြစ်သည် - ၁ကော၊၁၅း၄၅။

F. ယောဟန် ၆း၆၃ တွင် "စကားများ" နောက်တွင် ဝိညာဉ်တော်လိုက်လာသည်။

1. သခင်ဘုရားက အသက်ကိုပေးခြင်းအတွက် ကိုယ်တော်သည် ထိုဝိညာဉ်တော်ဖြစ်လာမည့်အကြောင်း ညွှန်ပြခဲ့ခြင်း ဖြစ်သည်။
2. ထိုနောက် ကိုယ်တော်က သူပြောသောစကားများမှာ ဝိညာဉ်နှင့် အသက်ဖြစ်ကြောင်း ပြောခဲ့သည်။ ဤသည်မှာ ကိုယ်တော်မြွက်ဆိုခဲ့သော စကားများမှာ အသက်ပေးသော ဝိညာဉ်တော်၏ ကိုယ်ထင်ရှားခြင်းဖြစ်ကြောင်း ညွှန်ပြနေသည် - အငယ်၊၆၃။

3. ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၌ ဝိညာဉ်တော်ကို ထိတွေ့ခြင်းမရှိလျှင်၊ ကျွန်ုပ်တို့ အသက်ကို မရရှိနိုင်ပါ။
4. နေ့စဉ်တိုင်း ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ လာ၍ နှုတ်ကပတ်တော်၌ ဝိညာဉ်တော်အဖြစ် ကိုယ်တော်ကို ထိတွေ့ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဤသို့ပြုမည်ဆိုလျှင် ခရစ်တော်ကို အသက်မုန့်အဖြစ် မှီခိုစားသုံးခြင်း ရှိကြလိမ့်မည်ဖြစ်သည် - အငယ်၊၃၅။

G. ယောဟန် အခန်း ၆ သည် အသက်၏စကားဖြင့် အဆုံးသတ်ထားပြီး၊ ယင်းမှာ ကျွန်ုပ်တို့အဖို့ သခင်ဘုရားကို အသက်မုန့်အဖြစ် လက်ခံရရှိခြင်းအလို့ငှာ နည်းလမ်းဖြစ်ကြောင်း ဆိုလိုသည် - အငယ်၊၆၃။

1. ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို လက်ခံရရှိမည်ဆိုလျှင် ကျွန်ုပ်တို့၌ ဝိညာဉ်တော် ရှိလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့အတွင်း၌ ဝိညာဉ်တော်ရှိမည်ဆိုလျှင် ခရစ်တော်ကို အတွင်းပိုင်း အသက်မစရာအဖြစ် ကျွန်ုပ်တို့ ရရှိကြလိမ့်မည်။
2. ကျွန်ုပ်တို့၏လိုအပ်ချက်မှာ ခရစ်တော်ကို အသက်မစရာအဖြစ်လည်းကောင်း၊ ထိုနောက် နေ့စဉ်တိုင်း ကိုယ်တော်ကို နှုတ်ကပတ်တော်၌ ကိုယ်ထင်ရှားသည့် အသက်ပေးသော ဝိညာဉ်တော်အဖြစ် ဆက်သွယ်ရမည်ဖြစ်ကြောင်းကိုလည်းကောင်း ကျွန်ုပ်တို့အားလုံး သိမှတ်နားလည်နိုင်ကြပါစေသော။

*© 2024 Living Stream Ministry*